ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ

office@crphmyanmar.org

crph.official.mm@gmail.com

ကြေညာချက် အမှတ် (၂၂/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်

ဧပြီလ(၅)ရက်၊ ၂၀၂၁ခုနှစ်။

၁။ မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ တက္ကသိုလ်ကျောင်းသားသမဂ္ဂ (၁၂၂) ဖွဲ့မှ ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (CRPH) ထံသို့ တောင်းဆိုသော အနာဂတ်ပညာရေးကတိပြုလွှာကို ၂၀၂၁ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်တောင်းဆိုခဲ့ပါသည်။ အကြမ်းဖက် စစ်အာဏာရှင်တို့၏ ဖိနှိပ် ရက်စက်မှုများ ပြင်းထန်နေသည့် အချိန်တွင် တိုင်းပြည်၏ အနာဂတ်ပညာရေးအတွက် အရေးကြီးသည့် အာမခံချက်များရရှိစေရန် ကျောင်းသားသမဂ္ဂ အဖွဲ့အစည်းများ စုပေါင်း၍ ယခုကဲ့သို့ တညီတညွတ်တည်း တောင်းဆိုချက် ထုတ်ပြန်နိုင်ခဲ့သည်ကို ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (CRPH) အနေဖြင့် ကျေးဇူးတင်ဝမ်းမြောက်စွာ ကြိုဆိုအပ်ပါသည်။

၂။ မြန်မာနိုင်ငံ၏ အနာဂတ်ပညာရေးသည် ဖက်ဒရယ်ဒီမိုကရေစီပညာရေးဖြစ်ရမည်ဟူသည့်အချက်သည် ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (CRPH)က အနာဂတ်ပညာရေးကို ဖော်ဆောင်ရာတွင် လက်ကိုင်ထားသည့် မူဝါဒတစ်ရပ် ဖြစ်ပါသည်။ တက္ကသိုလ်ကျောင်းသားသမဂ္ဂများ၏ ဖက်ဒရယ် ဒီမိုကရေစီပညာရေးဆိုင်ရာ တောင်းဆိုချက် (၉) ချက်သည်လည်း ၂၀၂၁ ခုနှစ် မတ်လ ၃၁ ရက်စွဲဖြင့် ရွေးကောက်ခံကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ CDM အထွေထွေသပိတ် အင်အားစုများ၊ အမျိုးသမီးနှင့် လူငယ်အသင်းအဖွဲ့များအပါအဝင် အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများ ပူးပေါင်းပါဝင်ရေးဆွဲထုတ်ပြန်ခဲ့သော ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ပါ ပြည်ထောင်စုစံတန်ဖိုး (၅)ချက်ဖြစ်သည့်

(က) ဒီမိုကရေစီအခွင့်အရေး၊ ဂျန်ဒါတန်းတူရေးနှင့် အခြေခံလူ့အခွင့်အရေးများ၊

(ခ) တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊

(ဂ) စုပေါင်းခေါင်းဆောင်ခြင်း၊

(ဃ) စုံလင်ကွဲပြားမှုကို လက်ခံခြင်း၊ သဟဇာတဖြစ်ခြင်း၊ ညီညွတ်ခြင်းနှင့် ခွဲခြားဆက်ဆံမှုမရှိခြင်း၊

(င) လူနည်းစုအခွင့်အရေးကို ကာကွယ်ခြင်း တို့နှင့် အကျုံးဝင်ကိုက်ညီသော တောင်းဆိုချက်များ ဖြစ်သည်ကို တွေ့ရှိရပါသည်။

၃။ ထို့ပြင် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်အစိတ်အပိုင်း(၁) ၊ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ကြေညာစာတမ်း၊ အခန်း(၄) အပိုင်း(၃) တွင် ပါဝင်သည့် အခြေခံအခွင့်အရေးများနှင့် တိုင်းရင်းသား လူနည်းစုများ၏ အခွင့်အရေးများ ခေါင်းစဉ်အောက်ရှိ အပိုဒ်(၂၂) မှ အပိုဒ်(၂၇) ပါဖော်ပြထားချက်များ သည်လည်း အနာဂတ်ဖက်ဒရယ်ပညာရေးဆိုင်ရာ ဖြည့်ဆည်းပေးရန် လိုအပ်သည့်အချက်များအဖြစ် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီက လက်ခံထားသည့် အချက်များ ဖြစ်ပါသည်။

၄။ သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ အနာဂတ်ပညာရေး၏ အခြေခံလိုအပ်ချက်များနှင့်စပ်လျဉ်း၍ ကျောင်းသားသမဂ္ဂများ၏ ခံယူချက်၊ လိုလားချက်များကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ အနေဖြင့် ကန့်ကွက်ရန် မရှိပါကြောင်းနှင့် အကြမ်းဖက်အာဏာရှင်တော်လှန်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးအတွက် ကျောင်းသားသမဂ္ဂ အဖွဲ့အစည်းများအပါအဝင် တိုင်းရင်းသားပြည်သူအားလုံးနှင့်ဆက်လက်လက်တွဲ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သဘောထား ထုတ်ပြန်အပ်ပါသည်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်